အသင်တို့အနက် မည်သူမဆို မိမိ၏ သားသမီး၊ မိမိ၏ မိဘနှင့်လူသားအားလုံးထက် ငါကိုယ်တော်အား ပိုမချစ်သမျှ

ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။

အနတ်စ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့အနက် မည်သူမဆို
မိမိ၏ သားသမီး၊ မိမိ၏ မိဘနှင့် လူသားအားလုံးထက် ငါကိုယ်တော်အား ပိုမချစ်သမျှ
ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။
[صحيح] [متفق عليه]

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကမိန့်ကြားတော်မူခဲ့သည်မှာ မွတ်စ်လင်မ်သည်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ အချစ်အား မိမိ၏ မိခင်၊ ဖခင်၊မိမိ၏သားသမီးနှင့် လူသားအားလုံးအား၏ အချစ်ထက် ရှေ့တန်းမတင်သမျှ ကာလပတ်လုံးပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။ ဤအချစ်၌ ကိုယ်တော်မြတ်၏အမိန့်ကို နာခံခြင်း၊ကိုယ်တော်မြတ်အား ကူညီခြင်း၊ ကိုယ်တော်မြတ်၏ အမိန့်ကို ဖီဆန်မှုမပြုခြင်းတို့ရှိရန်လိုအပ်သည်။

http://www.sunnah.global/hadeeth/my/show/5953